# LOS ANGELES ကောင်တီ
# မှတ်ပုံတင်အရာရှိ-မှတ်တမ်းယူသူ/ ကောင်တီ စာရေး

## မဲပေးရန် ခွင့်ယူခြင်း

**မဲစင်တာများသည် ရွေးကောက်ပွဲနေ့မတိုင်မီ 10 ရက်အလိုတွင် နံနက် 10 နာရီမှ ည 7 နာရီအထိ ဖွင့်လှစ်ထားပါသည်။ ရွေးကောက်ပွဲနေ့တွင် အဆိုပါအချိန်များကို နံနက် 7 နာရီမှ ည 8 နာရီအထိ တိုးထားပါသည်။**




အကယ်၍ သင်သည် ထိုအချိန်အတွင်း အလုပ်တွင်ရှိရန် စီစဉ်ထားပြီး အလုပ်ချိန်ပြင်ပတွင် သင်သည် တပြည်နယ်လုံးဆိုင်ရာ ရွေးကောက်ပွဲတွင် မဲပေးရန် အချိန်အလုံအလောက်မရှိပါက၊ ကယ်လီဖိုးနီးယား ဥပဒေသည် လစာမဆုံးရှုံးဘဲ မဲပေးရန် နှစ်နာရီအထိ ခွင့်ယူရန် ခွင့်ပြုသည်။

သင်သည် မဲပေးရန် လိုအပ်သလောက် အချိန်ယူနိုင်သော်လည်း ထိုအချိန်၏ နှစ်နာရီသာ လစာပေးပါမည်။

သင်သည် သင်၏ အလုပ်ရှင်နှင့် တခြားသဘောတူညီမှု မပြုလုပ်ထားပါက၊ မဲပေးရန် သင်၏ ခွင့်ယူချိန်သည် သင်၏ ပုံမှန် အလုပ်ချိန်ဆိုင်း၏ အစ သို့မဟုတ် အဆုံးတွင်သာ ဖြစ်ရပါမည်။ မဲပေးရန်အတွက် အားချိန်အများဆုံး ဖြစ်ပြီး သင်၏ ပုံမှန် အလုပ်ချိန်ဆိုင်းမှ ခွင့်ယူချိန် အနည်းဆုံးဖြစ်ရပါမည်။

အကယ်၍ သင်သည် ရွေးကောက်ပွဲမတိုင်မီ အလုပ်လုပ်ရက် သုံးရက်တွင် မဲပေးရန် အချိန်လိုအပ်သည်ဟု သင်ထင်ပါက၊ ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး အလုပ်လုပ်ရက် နှစ်ရက်အလိုတွင် သင်၏ အလုပ်ရှင်ကို အကြောင်းကြားရပါမည်။

## မဲပေးရန် ခွင့်ယူခြင်း

# ဝန်ထမ်းများ မဲပေးရန် ခွင့်ယူခြင်းနှင့်ပတ်သက်၍ အလုပ်ရှင်များထံ အကြောင်းကြားချက်

ပြည်နယ် ဥပဒေ (ကယ်လီဖိုးနီးယား ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ 14001) သည် အလုပ်ရှင်များကို တပြည်နယ်လုံးဆိုင်ရာ ရွေးကောက်ပွဲများတွင် မဲပေးရန် ရည်ရွယ်ချက်အတွက် လစာပေးသည့် ခွင့်ယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို သူတို့၏ ဝန်ထမ်းများအား အသိပေးသည့် အကြောင်းကြားချက်ကို ကပ်ထားရန် လိုအပ်ပါသည်။

အကယ်၍ ဆောင်ရွက်နိုင်ပါက၊ တပြည်နယ်လုံးဆိုင်ရာ ရွေးကောက်ပွဲမတိုင်မီ 10 ရက်အလိုတွင် ဤအကြောင်းကြားချက်ကို အလုပ်ခွင်တွင် သိသာမြင်သာသည့် နေရာတွင် ကပ်ထားရမည် သို့မဟုတ် ဝန်ထမ်းများ အလုပ်ခွင်တွင် သွားလာကြသည့် မြင်နိုင်သော အခြားနေရာများတွင် ကပ်ထားရမည်။

ဤအကြောင်းကြားချက် သို့မဟုတ် အခြားသော ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်ပြီး မေးခွန်းများရှိပါက၊ ကျေးဇူးပြု၍ ပြည်နယ် အတွင်းရေးမှူး၏ မဲပေးသူ ဟော့လိုင်း (800) 345-VOTE (8683) သို့ ဆက်သွယ်ပါ။

ဝန်ထမ်းများသည် အလုပ်ချိန်ပြင်ပတွင် ဆန္ဒမဲပေးရန် အချိန်အလုံအလောက် မရှိမှသာ မဲပေးရန် ရည်ရွယ်ချက်အတွက်သာ လစာပေးသည့် ခွင့်ယူမှု ရရှိပါမည်။ အဆိုပါဥပဒေ၏ ရည်ရွယ်ချက်မှာ သူတို့၏ အလုပ်အကိုင်များကြောင့် မဲမပေးနိုင်သည့် ဝန်ထမ်းများကို မဲပေးရန် အခွင့်အရေးတစ်ခု ပေးသည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံများကို နံနက် 7:00 နာရီမှ ည 8:00 နာရီအထိ ဖွင့်ပါသည်။

ဝန်ထမ်းများကို မဲပေးရန်အတွက် သူတို့ လိုအပ်သလောက် အချိန်ပေးနိုင်သော်လည်း အများဆုံး နှစ်နာရီသာ လစာပေးပါမည်။

ဝန်ထမ်းများသည် အလုပ်ရှင်များကို မဲပေးရန်အတွက် အချိန်ပိုခွင့်ယူရန် လိုအပ်မည်ဖြစ်ကြောင်း ကြိုတင် အသိပေး အကြောင်းကြားရန် လိုအပ်ပါမည်။

အလုပ်ရှင်များသည် ဝန်ထမ်း၏ အလုပ်ဆိုင်း အစ သို့မဟုတ် အဆုံးတွင်သာ ခွင့်ယူရန် တောင်းဆိုနိုင်ပါသည်။

**ကယ်လီဖိုးနီးယား ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ 14000**